# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

January 26 , 2024 Volume 74, Number 18

၂၆.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၀၂၄ US$ |
| မြန်မာ့ရွှေစျေး | = ၃၈၅၀၀၀၀ |
| ဒေါ်လာစျေး | = ၃၅၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


### ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံး ပဲမာလိုင်းများ စျေးမြင့်တက်လာ



ပို့ကုန်ပဲများ စျေးမြင့်တက်လာတာနှင့်အတူ အသစ်ဝင်ပြည်တွင်းသုံး ပဲမာလိုင်းများလည်း စံချိန်တင်စျေးမြင့်တက်လာကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှ သိရသည်။ ပို့ကုန်မူဝါဒ အပြောင်းအလဲကြောင့် ပို့ကုန်သမားများ အဆင်ပြေလာသလို အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်နှင့် ဝယ်လိုအားမြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ် ပဲသစ်ရာသီတွင် ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံး အမြင့်စျေးများဖြင့် အရောင်းအဝယ်ကောင်းနေပြီး အချို့ပဲများမှာ စံချိန်တင်စျေးထိ မြင့်တက်လာသည့် သီတင်းပတ်ဖြစ်လာခြင်းဖြစ်သည်။

ပို့ကုန် ပဲစင်းငုံနှင့်မတ်ပဲမှာ မနက်တစ်စျေး၊ ညနေတစ်စျေးဖြင့် ယခုသီတင်းပတ်အတွင်း စျေးမြင့်တက်လာရာ စံချိန်တင်ပေါက်စျေးဖြစ်လာကြောင်း၊ ပို့ကုန် ပဲများနှင့်အတူ ပဲမာလိုင်းများဖြစ်သည့် ပဲကြီး၊ မြေထောက်ပဲတို့မှာလည်း ဝယ်လိုအားကောင်း စျေးမြင့်တက်လာကြောင်း ထို့ပြင် မြေထောက်ပဲမှာ တရုတ်ဝယ်လက်နှင့်အိန္ဒိယ ဝယ်လက်တို့ အဝယ်ဆုံနေတာကြောင့် ယခုသီတင်းပတ်တွင် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃,၆၅,၀၀၀ အထိ စံချိန်တင်ပေါက်စျေးဖြစ်လာကြောင်း လက်ရှိပဲ၊ နှမ်းစျေးကွက်တွင် အသစ်ဝင်ပဲများ၊ ပို့ကုန်ပဲများ အရောင်းအဝယ်ကောင်းနေပြီး အမြင့်စျေးတွေဖြစ်နေတာကြောင့် လှောင်လက်သမားများ စောင့်ကြည့်နေရသည့် ပဲ၊ နှမ်းစျေးကွက်ဖြစ်နေကြောင်း နှမ်းမျိုးစုံနှင့်မြေပဲဆန်တို့မှာလည်း အရောင်းအဝယ်

သွက်နေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ပို့ကုန်ပဲတွေအားလုံး အမြင့်ဆုံးစံချိန်တင်ဈေးတွေ ဖြစ်လာသလို ပြည်တွင်းအသစ်ဝင် ပဲမာလိုင်းတွေလည်း စံချိန်တင်ဈေးကောင်းလာပါတယ်။ ပဲစင်းငုံမှာ ဝယ်လိုအားအရမ်းကောင်းနေပြီး လှောင်လက်သမားများ နောက်ဆုတ်နေရသည့် အခြေအနေဖြစ်ပါတယ်။ ယခုသီတင်းပတ်ထဲမှာ နံနက်တစ်ဈေး၊ ညနေတစ်ဈေး အချိန်နှင့်အမျှ ဈေးမြင့်တက်နေတာပါ။ ဒုတိယဈေးကောင်းတာက မြေထောက်ပဲဖြစ်ပြီး ဇန်နဝါရီလဆန်းပိုင်းက စတင်ပေါ်လာသည့် မြေထောက်ပဲမှာ တစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀ ပေါက်ဈေးရှိခဲ့ပေမဲ့ လက်ရှိတွင် ငွေကျပ် ၃,၆၅,၀၀၀ အထိ ပေါက်ဈေးဖြစ်လာပါတယ်။ မြေထောက်ပဲကတော့ တရုတ် ဝယ်လက်နှင့်အိန္ဒိယဝယ်လက် ဆုံနေလို့ဈေးကောင်းလာတာပါ။ အသစ်ဝင်ပဲမာလိုင်းထဲမှာ ပဲထောပတ်နှင့် ပဲကြီးတို့လည်း ဈေးကောင်းလာပါတယ်။ ပဲနှမ်းဈေးကွက်တစ်ခုလုံးကတော့ လက်ရှိပေါက်ဈေးတွေအတိုင်း ဈေးကျဆင်းစရာမရှိပါဘူး။ ပဲသစ်ရာသီအဝင်ရှိလာသော်လည်း လှောင်သမားများ စောင့်ကြည့်နေရသည့်အခြေအနေဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၂၄ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၆,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၅၅,၀၀၀ ပေါက်ဈေးရှိလာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁,၉၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဇန်နဝါရီ ၂၄ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃,၀၃,၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၂,၀၀၀ ပေါက်ဈေးဖြင့် ဈေးကျဆင်းသွားသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေ ကျပ် ၃,၂၀,၀၀၀၊ ပဲထောပတ်တစ် အိတ်လျှင် ငွေကျပ် ၄,၇၅,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၆၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၂,၀၀၀၊ မြေပဲ အနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၃၀၀ ပေါက်ဈေးမြင့်တက်လာသည်။

ဇန်နဝါရီ ၂၄ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃,၀၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ နှမ်းနက်စမုန် တစ် အိတ်လျှင် ငွေကျပ် ၃,၉၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဆားကြမ်းထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်တက်လာလို့ တစ်ပိဿာကို ၂၀၀ ကျပ်ရဖို့လိုအပ်

ယခုနှစ် ဆားကြမ်းထုတ်လုပ်မှုမှာ ကုန်ကျစရိတ်နှုန်းတွေမြင့်တက်လာတာကြောင့် တစ်ပိဿာကို ၂၀၀ ကျပ်လောက်ရမှသာ ဆားလုပ်ငန်းကိုင်ရန် အခွင့်အရေးရှိတယ်လို့သိရပါတယ်။

ဒီနှစ် ဆားကြမ်းထုတ်လုပ်ရာမှာ အလုပ်သမားငွေရမ်းခနှုန်းထားတွေ တက်လာသလို စက်သုံးဆီ နှုန်းထားတွေမြင့်တက်လာခြင်းစတဲ့ အထွေထွေကုန်ကျရိတ်တွေ မြင့်တက်လာတာဖြစ်ပါတယ်။

"စရိတ်ကတက်တယ်၊ စက်သုံးဆီဈေးကလည်း မနှစ်ကထက်ကိုတက်တယ်၊ အလုပ်သမားငွေရမ်းခကလည်း အရင်ကထက် ၂၀၀၀ လောက်တက်တယ်။ စရိတ်ကုန်ကျမှု အတိအကျကိုတော့ ဆားရာသီသိမ်းမှ သေချာသိရမယ်။ ဆားကွင်း အနေအထား ပေါ်လိုက်ပြီး ကုန်ကျမှုလည်းကွာတယ်" လို့ မွန်ပြည်နယ် ၊ ပင်ကျေးရွာ ဆားလုပ်ငန်းလုပ်ကိုင်သူ ဦးနိုင်ဟုက ပြောပါတယ်။

အရင်နှစ်က ဆားကြမ်းထုတ်လုပ်မှုကုန်ကျစရိတ်အနေနဲ့ တစ်ပိဿာကို ၁၃၅ ကျပ်မှ ၁၃၈ ကျပ်ရှိပြီး ခုနှစ်မှာတော့ ကုန်ကျစရိတ်က တစ်ပိဿာကို အနည်းဆုံး ၁၅၀ ကျပ်လောက်ရှိနိုင်ပြီး အကျိုးအမြတ်ရှိမရှိ၊ အရင်းအနှီးကုန်ကျမှု အတိအကျကတော့ ဆားကြမ်းထုတ်လုပ်မှုရာသီသိမ်းပြီးမှသာ တွက်ချက်သိရှိနိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။ "ကုန်ကျစရိတ်တက်တာမှန်ပေမဲ့ ဘယ်လောက်ကျမလဲဆိုတာကတော့ ဆားရာသီကုန်ချိန်သိမ်းပြီးမှ ဆားအထွက်နှုန်းနဲ့ တစ်နှစ်ပတ်လုံးကုန်ကျမှုကို တွက်ချက်ပြီးမှ တစ်ပိဿာကုန်ကျမှု အတိကျသိရမယ်၊ မနှစ်က ၁၃၈ ကျပ်ထက်တော့ပိုမှာပါ" လို့ သူကထပ်မံရှင်းပြပါတယ်။

ဆားကြိမ်းထုတ်လုပ်မှုကုန်ကျစရိတ်နှုန်းသာ မြင့်တက်လာပေမဲ့ ဆားကြိမ်းဈေးနှုန်းကတော့ တစ်ပိဿာကို ၁၆၅ ကျပ်သာ ဈေးပေါက်နေတဲ့အတွက် ဆားကွင်းလုပ်ကိုင်သူထဲမှာ ရပ်နားသူအချို့လည်းရှိတယ်လို့သိရပါတယ်။

ပြည်တွင်းကထွက်ရှိတဲ့ဆားကြိမ်းကို ပြည်ပတင်ပို့ရောင်းချနိုင်ခြင်းမရှိတာကြောင့် ပြည်တွင်းမှာပဲ အဓိကစားသုံးရတာ ဖြစ်လို့ ဆားကြိမ်းထုတ်လုပ်မှုများပါက ဆားကြိမ်းဈေးကျဆင်းနိုင်ပြီး ဆားကြိမ်းထုတ်လုပ်မှုလျော့ကျပါက ဆားကြိမ်းဈေးက မြင့်တက်လာနိုင်တယ်လို့သိရပါတယ်။

ဆားကွင်းလုပ်ငန်းကို ဧရာဝတီတိုင်းမှာအဓိကလုပ်ကိုင်ပြီး အထွက်နှုန်းအနေနဲ့ တစ်နိုင်ငံလုံးရဲ့ ဆားကြိမ်းထွက်အား ၈၀ ရာခိုင်နှုန်းရှိပြီး မွန်ပြည်နယ်က ၁၂ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်က ၆ ရာခိုင်နှုန်းနဲ့ ကျန်တဲ့ ၂ ရာခိုင်နှုန်းကတော့ ထားဝယ် အပါအဝင်နေရာအချို့မှာ လုပ်ဆောင်ကြတယ်လို့သိရပါတယ်။

**Source: AMIA**

## ဟောင်ကောင်ဒေသသို့ မြန်မာကော်ဖီဈေးကွက်ဝင်ရောက်နိုင်မှု အလားအလာ

ဟောင်ကောင်ဒေသသည် တစ်ဦးချင်း ကော်ဖီသောက်သုံးမှုအများဆုံး နိုင်ငံများအနက် အဆင့် ၄၆ တွင် ရပ်တည်နေသည်။ တရုတ်နှင့်အင်္ဂလိပ်လူမျိုးများ၏ ယဉ်ကျေးမှုဖြစ်သည့် လက်ဖက်ရည်သောက်သုံးမှု လွှမ်းမိုးသည့် အသိုင်းအဝိုင်း ဖြစ်သော်လည်း ဟောင်ကောင်ဒေသ၌ ကော်ဖီသောက်သုံးမှု တဖြည်းဖြည်း တိုးတက်လာလျက်ရှိသည်။ ၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ကော်ဖီတင်သွင်းမှု တန်ဖိုးဒေါ်လာ ၆၉ ဒသမ ၂ သန်း တင်ပို့ပြီး ကမ္ဘာ့ကော်ဖီ တင်သွင်းသူများအနက် အဆင့် ၅၇ အဖြစ် ရပ်တည်လျက်ရှိသည်။ သွင်းကုန်အနေဖြင့် ၃၈၈ ခုမြောက် အများဆုံးတင်ပို့သည့် ကုန်စည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ကော်ဖီတင်သွင်းသည့် နိုင်ငံ/ဒေသစုစုပေါင်း ၆၄ ခုရှိပြီး အဓိက တင်သွင်းသည့်ဒေသများမှာ ဆွစ်ဇာလန် ၊ အီတလီ၊ အီသီယိုးပီးယား၊ တရုတ်၊ ဘရာဇီးတို့ဖြစ်သည်။

၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ကော်ဖီတင်ပို့မှု တန်ဖိုး ဒေါ်လာ ၂ ဒသမ ၈၃ သန်းတင်ပို့ပြီး ကမ္ဘာ့ကော်ဖီ တင်ပို့သူများအနက် အဆင့် ၉၆ အဖြစ်ရပ်တည်လျက်ရှိပြီး၊ ပို့ကုန်အနေဖြင့် ၇၇၂ ခုမြောက် အများဆုံးတင်ပို့သည့် ကုန်စည် ဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ကော်ဖီတင်ပို့သည့် နိုင်ငံ/ဒေသ စုစုပေါင်း ၄၈ ခုရှိပြီး အဓိက တင်ပို့သည့် ဒေသများမှာ တရုတ်၊ မကာအို၊ သြစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ တရုတ်တိုင်ပေတို့သို့ တင်ပို့ရောင်းချသည်။ ၂၀၂၀ မှ ၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသသို့ ကော်ဖီတင်ပို့ရောင်းချမှုတွင် တိုးတက်မှု အမြန်ဆုံးဒေသများမှာ တရုတ် ပြည်မ၊ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံဖြစ်ပြီး၊ ကျဆင်းသည့်ဒေသများမှာ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် မကာအိုဒေသတို့ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဟောင်ကောင်ဒေသအတွက် ပို့ကုန်ယှဉ်ပြိုင်မှုအများဆုံး ဈေးကွက်များမှာ ဘရာဇီး၊ ဆွစ်ဇာလန်နှင့် ကိုလံဘိုနိုင်ငံတို့ဖြစ်ပြီး၊ သွင်းကုန်တင်သွင်းမှုတွင် ယှဉ်ပြိုင်မှုအများဆုံး ဈေးကွက်များမှ အမေရိကန်၊ ဂျာမနီနှင့် ဘယ်လ်ဂျီယံ တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသရှိ ကော်ဖီလက်လီဈေးနှုန်းမှာ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၈ ဒေါ်လာမှ ၂၂ ဒသမ ၀၃ ဒေါ်လာ (ဟောင်ကောင်ဒေါ်လာ ၁၁၂ ဒသမ ၄၁ ဒေါ်လာ နှင့် ၁၇၂ ဒသမ ၁၉ ဒေါ်လာ) အကြားရှိပြီး၊ လက်ကားဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဒေါ်လာမှ ၁၅ ဒသမ ၄၂ ဒေါ်လာဖြစ်သည်။ UNCTAD NTMs Database တွင် ဟောင်ကောင်ဒေသ၏ အကောက်ခွန်မဟုတ်သည့် စီမံဆောင်ရွက်မှုများစာရင်းတွင် ကော်ဖီနှင့်ကော်ဖီထုတ်ကုန်များအတွက် ပို့ကုန်တင်ပို့မှုနှင့်စပ်လျဉ်း၍ ဟောင်ကောင်ဒေသ၏ Food and Drugs (Composition and Labelling) Regulations ကို ရည်ညွှန်းထားသဖြင့် သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် အစားအစာတင်သွင်းမှုနှင့်စပ်လျဉ်း၍ Public Health and Municipal Services Ordinance, Cap 132 အပိုင်း ၅ အရ အစားအစာအန္တရာယ်ကင်းရှင်းရေး ဥပဒေမူဘောင်နှင့်အညီ တင်သွင်းရမည်ဖြစ်သည်။

ဟောင်ကောင်ဒေသ 6 Digits HS code 090111 တွင် မျိုးဗီဇပြုပြင်ထားသော အစားအစာများ (GMO) သီးသန့်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ခြင်း၊ ကုန်သွယ်မှုအတွက် နည်းပညာဆိုင်ရာအတားအဆီးအရ ကုန်စည်၏ လမ်းကြောင်းကို သိရှိနိုင်ရန်အတွက် ကုန်စည်တင်ပို့မှုဆိုင်ရာ လိုအပ်သည့်စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ခြင်းနှင့် HS code 090111 နှင့် 090112 အတွက် (A41) အပင်ပိုးမွှားကင်းစင်မှုဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ Plant (Importation

and Pest Control) Ordinance ကိုညွှန်းထားသဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပြရန်လိုအပ်သည်။

အော်ဂဲနစ်ထုတ်ကုန်များ တင်ပို့မည်ဆိုပါက အော်ဂဲနစ်ထုတ်ကုန်အဆင့်အတန်း သတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်ထားရမည်ဖြစ်ပြီး၊ ပို့ကုန်တင်ပို့သည့်နိုင်ငံမှ အော်ဂဲနစ်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ပါရှိရမည်ဖြစ်သည်။ အော်ဂဲနစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ကော်ဖီထုတ်ကုန်များအတွက် “Made with Organic [ingredient]” သို့မဟုတ် “အော်ဂဲနစ်ပစ္စည်းပါဝင်မှု အချိုးအစား” ကို ထုပ်ပိုးမှုတွင်ဖော်ပြရမည်ဖြစ်သည်။

အကောက်ခွန်ရှင်းလင်းမှုအတွက် အောက်ပါစာရွက်စာတမ်းများလိုအပ်မည်ဖြစ်သည်-

(က) ကုန်ပို့ဆောင်သူ၏ စာရွက်စာတမ်းများ

(ခ ) သွင်းကုန်လိုင်စင်(သို့မဟုတ်) ထုတ်ယူခွင့်ပါမစ် (သွင်းကုန်တင်သွင်းသူ အနေဖြင့် လိုအပ်ပါက လိုင်စင် သို့မဟုတ် ပါမစ်များကို ကြိုတင်လျှောက်ထားရန်)

(ဂ ) အခြားလိုအပ်သည့် စာရွက်စာတမ်း (သယ်ယူခ၊ လေကြောင်းလိုင်းဘေလ်၊ ပြေစာ၊ ထုပ်ပိုးမှုစာရင်းစသည်ဖြင့်)

ထို့ပြင် သွင်းကုန်ပစ္စည်းသည် အသားနှင့်ဥထုတ်ကုန်များ၊ အေးခဲမုန့်နှင့်နို့ထွက်ကုန်များဖြစ်ပါက တရားဝင် ကျန်းမာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် တင်ပြရမည်ဖြစ်သည်။ သွင်းကုန်ရောက်ရှိပြီး၊ ထုတ်ယူခြင်းမပြုမီ အဆိုပါ ကုန်စည်များကို စစ်ဆေးမည်ဖြစ်ပြီးလိုအပ်ပါက နမူနာပစ္စည်း တင်ပြရမည်ဖြစ်သည်။ စစ်ဆေးမှုအရ လက်ခံနိုင်သည့် အခြေအနေရှိမှသာ အစားအစာအန္တရာယ်ကင်းရှင်းရေးဗဟိုဌာနမှ သွင်းကုန်တင်သွင်းသူများအား ထုတ်ယူခွင့်စာ ထုတ်ပေးမည်ဖြစ်သည်။ စားသုံးသူဈေးကွက်အရကြည့်လျှင် ဟောင်ကောင်ဒေသရှိ စားသုံးသူများသည် ကုန်စည်အရည်အသွေး အလေးထားကြသည်။ အရည်အသွေးကောင်းမွန်ပါက ဈေးနှုန်းကို လက်ခံနိုင်ကြသည့် ဈေးကွက်ဖြစ်သည်။ သို့သော် ဈေးကွက်ယှဉ်ပြိုင်မှုအနေဖြင့် အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့နှင့် ယှဉ်ပြိုင်တင်ပို့ရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာကုန်စည်အရည်အသွေးနှင့်ဈေးနှုန်းကို အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်မှုကို သတိပြုရမည်ဖြစ်သည်။ ဟောင်ကောင်ဒေသသို့ ကော်ဖီအဓိက တင်သွင်းသည့် နိုင်ငံများမှာ အနောက်နိုင်ငံများနှင့် တရုတ်ပြည်မဖြစ်သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့လိုသူများအနေဖြင့် ဟောင်ကောင်ဒေသသို့ အဓိကတင်ပို့သည့်နိုင်ငံများမှ ကော်ဖီအမျိုးအစား၊ ဈေးနှုန်းနှင့်ထုပ်ပိုးမှုပုံစံများကိုလေ့လာ၍ မိမိတို့၏ ပို့ကုန်များကို တင်ပို့သင့်သည်။ ထို့ပြင် မြန်မာနိုင်ငံ အနေဖြင့် မြန်မာ့ကော်ဖီ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ဟောင်ကောင်နှင့်မကာအိုဒေသတို့တွင်ပြုလုပ်သည့် အစားအစာနှင့် အဖျော်ယမကာဆိုင်ရာ ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ပါဝင်ပြသခြင်းနှင့် လေ့လာသူအဖြစ် တက်ရောက်ခြင်း ဟောင်ကောင်ဒေသသို့ ပို့ကုန်အမည်သစ် တိုးမြှင့်နိုင်ရန် အထောက်အကူပြုပါကြောင်း သုံးသပ်တွေ့ရှိရသည်။

**Source: ဒေါ်နှင်းဇာလွှာ၊ စီးပွားရေးသံမှူး (ဟောင်ကောင်)**

## ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ဟောင်ကောင်ဒေသနှင့် ဆော်ဒီတို့အကြား ငွေကြေးဈေးကွက် ပူးပေါင်းမှုမြှင့်တင်ရန် သဘောတူ

ဟောင်ကောင်ဒေသနှင့်ဆော်ဒီအာရေဗျတို့အကြား ငွေကြေးဈေးကွက်ပူးပေါင်းမှု ပိုမိုခိုင်မာစေရေး သဘောတူညီချက်တစ်ရပ်ကို (၁၇) ကြိမ်မြောက် Asian Financial Forum (AFF) ဖွင့်ပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် South China Morning Post သတင်းစာတွင် “HK, Saudis agree to deepen ties between financial markets to boost investment flow” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ဟောင်ကောင်ဒေသ ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (FSDC) နှင့် ဆော်ဒီအာရေဗျ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (FSDP) တို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်ဒေသအနေဖြင့် ပြီးခဲ့သည့်နှစ်မှစ၍ အရှေ့အလယ်ပိုင်းဒေသနှင့် ငွေကြေးနှင့်ဘဏ္ဍာရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နေချိန်တွင် ယခုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြ

ထားသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ဟောင်ကောင်ဒေသ၏ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးဗဟိုဌာန အဖြစ်ရပ်တည်မှုကို ခိုင်မာစေကြောင်း၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငွေကြေးဈေးကွက် ပေါင်းစပ်ဆက်နွယ်မှု တည်ဆောက်သွားနိုင်မည်ဖြစ်သောကြောင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနိုင်ပြီး နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုများအတွက်လည်း အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်ဟု FSDC ဥက္ကဋ္ဌ က AFF ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ထို့ပြင်နှစ်ဖက်အကြား တူညီသည့်မျှော်မှန်းချက်ဖြစ်သည့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် မိတ်ဖက်များအဖြစ် နှစ်ဖက်ငွေကြေးဈေးကွက်များအတွက် အခွင့်အလမ်းများ ပူးပေါင်းဖော်ဆောင်မည်ဖြစ်ကြောင်းနှင့် ယခုသဘောတူညီချက်သည် ဆော်ဒီအာရေဗျနှင့် ဟောင်ကောင်ဒေသတို့အကြား ငွေကြေးဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှု လွယ်ကူချောမွေ့စေရေး ကတိကဝတ်အတွက် အထောက်အထားတစ်ခုဖြစ်သည်ဟု FSDP ညွှန်ကြားရေးမှူးချုပ် Faisal Alsharif က ပြောကြားကြောင်း ရေးသားဖော်ပြထားသည်။

ပူးပေါင်းဆောင်ရွက်လုပ်ဆောင်သွားမည့် အဓိကနယ်ပယ်များအဖြစ် အရင်းအနှီးဈေးကွက် ပေါင်းစပ်ဆက်နွယ်မှု၊ ပူးတွဲ သုတေသနနှင့် အသိအမြင်ဖလှယ်ခြင်းများလုပ်ဆောင်ခြင်း၊ အပြန်အလှန်သွားရောက်မှု အစီအစဉ်များနှင့် နှစ်ဖက်ပူးပေါင်း၍ အခမ်းအနားနှင့် ပွဲများပြုလုပ်ခြင်း၊ အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် ရည်ရွယ်ထားကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

## STOCK EXCHANGE (26.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,687 (Shares) | 33,562,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 537 | 4,671,900 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 702 | 2,003,500 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 40 | 316,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 813 | 1,224,150 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 50 | 125,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 300 | 576,500 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 22 | 103,400 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,031 | 1,754,050 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.37 | -1.04 | -0.28% | 366.41 | 366.41 | 364.46 | 3,495 | 10,774,500 | 8 | 689,162 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 18,687 (Shares) | 33,562,500 (MMK) |

## Main Board

As of 1:00 pm, 26th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,687 (Shares) | 33,562,500 (MMK) |

| MYANPIX | 365.37<br>▼ 1.04 |
|---|---|
| Total Volume (shares) | 3,495 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,162 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR